# ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်း

## (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်

## ၁၃၈၁ ခုနှစ်၊ လ ရက်

## (၂၀၂၀ ပြည့်နှစ်၊ လ ရက်)

## ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ကူးစက်ရောဂါ** ဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ လူမှ တိရစ္ဆာန်သို့လည်းကောင်း၊ သွေးနှင့် သွေးထွက်ပစ္စည်း၊ ဆေးပစ္စည်းကိရိယာနှင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများမှတစ်ဆင့် လူသို့လည်းကောင်း၊ လူ့အသုံးအဆောင်ပစ္စည်းများမှတစ်ဆင့် လူသို့လည်းကောင်း၊ အစားအသောက်မှတစ်ဆင့် လူသို့လည်းကောင်း၊ ခြင်၊ ယင်၊ လှေးစသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း၊ လေထု၊ ရေထုနှင့် မြေထုတို့မှတစ်ဆင့် လူသို့လည်းကောင်း ကူးစက်တတ်သော ရောဂါကို ဆိုသည်။

(ခ) **ကူးစက်မြန်ရောဂါ**ဆိုသည်မှာ လျှင်မြန်စွာကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါများဖြစ်သော ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြှေးရောင်ရောဂါ (Meningococcal Meningitis)၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (SARS)၊ အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းရောဂါ (MERS-Cov)၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကူးစက်မြန်ရောဂါ အဖြစ်သတ်မှတ်သည့် ကူးစက်ရောဂါများလည်းပါဝင်သည်။

(ဂ) **သတင်းပို့တိုင်ကြားရမည့်ကူးစက်ရောဂါ** ဆိုသည်မှာ ကူးစက်ရောဂါ ဖြစ်ပွား ကြောင်း သိရှိလျှင် သိရှိခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာသို့ တိုင်ကြားရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ကူးစက်ရောဂါကိုဆိုသည်။

(ဃ) **အညစ်အကြေး** ဆိုသည်မှာ အမှိုက်သရိုက်၊ စားကြွင်း စားကျန်၊ ရေပုပ်၊ ရေသိုး၊ တိရစ္ဆာန် အသေကောင်ဖြစ်စေ၊ ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်း၊ စက်ရုံနှင့် အလုပ်ရုံများမှ စွန့်ထုတ်သည့် အမှုန်၊ အခိုးအငွေ့၊ ဇီဝပစ္စည်း၊ ဓာတုပစ္စည်းနှင့် အဏုမြူ ဓာတ်ကြွပစ္စည်းများ ဖြစ်စေ၊ လူနှင့်တိရစ္ဆာန်တို့မှ ထွက်ရှိသော သွေး၊ သလိပ်၊ ပြည်၊ တံတွေး၊ ဆီး၊ မစင်၊ ခန္ဓာကိုယ်မှထွက်ရှိသော အရည်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကိုဖြစ်စေ ဆိုသည်။

(င) **အစားအသောက်** ဆိုသည်မှာ လူတို့အသင့်စားသုံးနိုင်သော၊ သောက်သုံးနိုင်သော သို့မဟုတ် ဝါးထွေးနိုင်သော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်ကွင် စားသုံးခြင်း၊ သောက်သုံးခြင်း သို့မဟုတ် ဝါးထွေးခြင်း ပြုလုပ်ရာ၌ အသုံးပြုသောပစ္စည်းများနှင့် အစားအသောက် ထုတ်လုပ်ရာတွင်ပါဝင်သည့် ကုန်ကြမ်းပစ္စည်းနှင့် ထပ်ဖြည့်ပစ္စည်းတို့လည်း ပါဝင်သည်။

(စ) **ကျန်းမာရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ အရာရှိများလည်း ပါဝင်သည်။

(ဆ) **ကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းအသီးသီးတွင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုင်းရင်းဆေးကောင်စီဥပဒေအရ မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပညာတတ်ကျွမ်းသူလည်း ပါဝင်သည်။

( ဇ ) **ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းနှင့် ကျန်းမာရေးဌာနများတွင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေသူကိုဆိုသည်။

(ဈ) **ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးတို့အတွက် ရောဂါဖြစ်ပွားမှုအခြေအနေများကို သတင်းရယူခြင်း၊ ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူများအား လိုအပ်သောကျန်းမာရေး စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးခြားထားရှိကုသခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ လိုအပ်ပါက သေဆုံးသူအား ရင်ခွဲစစ်ဆေးခြင်း၊ အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းတို့ အပါအဝင် ကူးစက်ရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက လိုအပ်သလို သတ်မှတ်ဆောင်ရွက်မည့် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်။

(ည) **သီးခြားထားရှိကုသခြင်း** ဆိုသည်မှာ ကူးစက်ရောဂါရှိသော လူ သို့မဟုတ် တိရစ္ဆာန်မှတစ်ဆင့် အခြားလူ သို့မဟုတ် တိရစ္ဆာန်များသို့တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကူးစက်ရောဂါပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရေးအတွက် သတ်မှတ်ထားသောနေရာ၌ သတ်မှတ်ထားသော အခြေအနေများနှင့်အညီ ကူးစက်ရောဂါရှိသော လူ သို့မဟုတ် တိရစ္ဆာန်ကို ကူးစက်နိုင်သော ကာလကုန်ဆုံးသည်အထိ သီးသန့်ခွဲခြားထားရှိ ကုသခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် လိုအပ်ပါက ယာဉ်နှင့် အခြားပစ္စည်းများကို သီးသန့်ခွဲခြားထားရှိခြင်းလည်း ပါဝင်သည်။

(ဋ) **အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း** ဆိုသည်မှာ အခြားသူများသို့ ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးအတွက် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားသူ တစ်ဦးဦးနှင့် ထိတွေ့ခဲ့

သူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားသူနှင့်အနီးကပ်နေထိုင်ခဲ့သူ၊ ရောဂါပိုးကူးစက်နိုင်သော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်နှင့်ထိတွေ့ခဲ့သည်ဟု သံသယရှိသူ သို့မဟုတ် တိရစ္ဆာန် ကို သတ်မှတ်ထားသည့် ကာလအထိ အခြားသူများနှင့် မထိတွေ့စေရန် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယာဉ်နှင့်ကုန်ပစ္စည်းများ၏ အသွားအလာကို တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းလည်း ပါဝင်သည်။

(ဌ) **ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှု ဆိုသည်မှာ** သတ်မှတ်ထားသည့် ရပ်ရွာလူထု၊ ဒေသ၊ ကာလအတွင်း မျှော်မှန်းထားသည့် ပမာဏ သို့မဟုတ် အခြေအနေထက်ပိုမို၍ ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကပ်အသွင်ဖြစ်ပွားသည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် ကူးစက်ရောဂါဖြစ်ပွားမှုကို ဖြစ်စေ ဆိုသည်။

(ဍ ) **ကျန်းမာရေးဌာန** ဆိုသည်မှာ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သော အစိုးရကျန်းမာရေးဌာန သို့မဟုတ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ဎ) **ကူးစက်ရောဂါရှိသူ** ဆိုသည်မှာ ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားနေသည်ဟု ကျန်းမာရေးဌာန တစ်ခုခုက အတည်ပြု သတ်မှတ်ခြင်းခံထားရသူကို ဆိုသည်။

(ဏ) **သံသယလူနာ** ဆိုသည်မှာ ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု ဓာတ်ခွဲစစ်ဆေးချက်ဖြင့် အတည်မပြုရသေးသော်လည်း သံသယဖြစ်ဖွယ် ကူးစက်ရောဂါလက္ခဏာများပေါ်ပေါက်နေသူ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးက ကူးစက်ရောဂါဖြစ်ပွားဖွယ်ရှိသည်ဟု မှတ်ချက်ပြုခြင်းခံရသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားရာဒေသသို့ သတ်မှတ်အချိန်ကာလအတွင်း သွားလာခဲ့ပြီး သံသယဖြစ်ဖွယ် ကူးစက်ရောဂါလက္ခဏာများ ပေါ်ပေါက်နေသူကို ဆိုသည်။

(တ) **အိမ်ထောင်ဦးစီးဆိုသည်မှာ** သက်ဆိုင်ရာ ဥပဒေအရသတ်မှတ်ထားသော အိမ်ထောင်စု စာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားသူကို ဆိုသည်။

(ထ) **အိမ်ထောင်စုဝင်ဆိုသည်မှာ** သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စု စာရင်းပုံစံတွင်ပါရှိသူကို ဆိုသည်။

(ဒ) **လုပ်ငန်းရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဦးနှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏ တရားဝင် ကိုယ်စားလှယ်လည်း ပါဝင်သည်။

(ဓ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက သို့မဟုတ် ပရဟိတအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းတစ်ခုခုတွင် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(န) **ယာဉ်တာဝန်ခံ** ဆိုသည်မှာ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် သို့မဟုတ် အခြား ယာဉ်တစ်မျိုးမျိုးအား တာဝန်ယူဦးစီးသူကို ဆိုသည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဆိုသည်။

(ဗ) **ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း** ဆိုသည်မှာ ကူးစက် ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှက လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပြင်ပအဖွဲ့အစည်းကို ဆိုသည်။

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုများကို ကာကွယ်နှိမ်နင်းနိုင်ရန်၊

( ခ ) ကူးစက်ရောဂါနှင့်ကူးစက်မြန်ရောဂါများ ဖြစ်ပွားလာပါက လိုအပ်သောစုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊

( ဂ ) ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာကျန်းမာရေး စည်းမျဉ်းများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

## အခန်း (၃)

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

လေကြောင်းပို့ဆောင်ရေးဦးစီးဌာန

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

အကောက်ခွန်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၁) ဌာနမှူး အဖွဲ့ဝင်

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၂) ဌာနမှူး အဖွဲ့ဝင်

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၃) ဌာနမှူး အဖွဲ့ဝင်

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ပကျွမ်းကျင်သူ ပညာရှင်များဖြင့် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုများ ကာကွယ် နှိမ်နင်းရေးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) ကူးစက်ရောဂါနှင့် ကူးစက်မြန် ရောဂါများ ဖြစ်ပွားလာပါက လိုအပ်သော စုံစမ်း စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရောဂါ ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဦးစီးဌာနအား စီမံဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားပါက နိုင်ငံ တကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့်တာဝန်ပေးအပ်ခြင်း၊

(င) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါ အားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

၆။ ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဦးစီးဌာနသည် စနစ်တကျအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

( ခ ) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

( ဂ ) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း အပါအဝင် ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အများပြည်သူကို ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေအိမ်နှင့် အဆောက်အအုံဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့်သုံးရေ ရရှိသုံးစွဲရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များအား အကြံပြုခြင်းနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ဖြစ်ပွားသောကူးစက်ရောဂါမှာ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်လျှင် သို့မဟုတ် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေ

အနေဖြစ်ပွားလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဇ) ဖျော်ဖြေရေးလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ခရီးသွားလုပ်ငန်းတို့တွင် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ကပ်ဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်နှင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက ကယ်ဆယ်ရေးစခန်းများတွင် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ဆေးကုသရာတွင် အသုံးပြုသည့် ဆေးပစ္စည်းများ၊ ကိရိယာများ၊ အသုံးအဆောင်များ၊ စက်ပစ္စည်းများတွင် ကူးစက်ရောဂါပိုးမွှားကင်းစင်ရေးနှင့် အဆိုပါပစ္စည်းများမှ တစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးတို့အတွက် လိုအပ်သည်များကို ဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာန တာဝန်ခံများအား တာဝန်ယူဆောင်ရွက်စေခြင်း၊

(ဋ) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုး သယ်ဆောင်နေသူတစ်ဦးဦးအား အစားအစာ ချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ကာလအတွင်း ပါဝင်လုပ်ကိုင်စေခြင်း မပြုရန်ဆောင်ရွက်ခြင်း၊

(ဌ) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့်ဆိုင်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် အများပြည်သူတို့အား ကူးစက်ရောဂါများ ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးအတွက် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်

သို့မဟုတ် လုပ်ငန်းရှင် တို့ လိုက်နာရမည့် ကိစ္စရပ်များ၊ အများပြည်သူလိုက်နာရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

## အခန်း (၅)

## ကျန်းမာရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကျန်းမာရေးအရာရှိသည် တာဝန်ပေးအပ်ခြင်းခံရသော နယ်မြေဒေသအတွင်း ကူးစက်ရောဂါ၊ ကူးစက်မြန်ရောဂါ၊ သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှု ဖြစ်ပွားသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည်-

(က) ရောဂါဖြစ်ပွားရာ နေအိမ်၊ အဆောက်အအုံ၊ အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ကျောင်း၊ ဈေး၊ ဆိုင်၊ အစားအသောက် ထုတ်လုပ်ရောင်းချသည့်နေရာနှင့် ယင်းတို့နှင့် ဆက်စပ်နေရာများကို ဝင်ရောက်စစ်ဆေး၍ ရောဂါပိုးသန့်စင်ရေး၊ သန့်ရှင်းရေး အပါအဝင် အခြားလိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါနေရာများနှင့် ယင်းနေရာများအတွင်းရှိ ပစ္စည်းများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရောဂါပိုးသန့်စင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ဂ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ရောဂါပိုးသန့်စင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ဃ) ရေတွင်း၊ ရေကန်နှင့် ရေသိုလှောင်ထားရှိသည့် အရာဝတ္ထုများကို ရောဂါပိုး သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(င) ရောဂါကူးစက်စေသည့် သို့မဟုတ် ရောဂါပိုးသယ်ဆောင်သည့် ပိုးမွှားများ ကင်းစင်စေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(စ) ကူးစက်မြန်ရောဂါဖြင့် သေဆုံးသော လူသေအလောင်းမှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိစေရေးအတွက် အလောင်းကို စနစ်တကျပိုးသန့်စင်ပြီး စနစ်တကျထုပ်ပိုး

ခြင်း၊ သင်္ဂြိုလ်ခြင်း၊ အသုဘအခမ်းအနားကို အကျဉ်းချုံးပြုလုပ်စေခြင်း၊ အခြား လိုအပ်သည်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်းတို့နှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း၊

(ဆ) အများစားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်းကို ယာယီပိတ်ပင်ရန် သို့မဟုတ် ဖျက်ဆီးရန် ရောင်းချသူအား တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ကျိုးကြောင်း ဖော်ပြညွှန်ကြားခြင်း၊

(ဇ) ကူးစက်ရောဂါ၊ ကူးစက်မြန်ရောဂါ ဖြစ်ပွားပျံ့နှံ့စေသော သို့မဟုတ် ဖြစ်ပွားပျံ့နှံ့စေသည်ဟု သံသယဖြစ်ဖွယ်ရာရှိသော အစားအသောက်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် အခြားအရာဝတ္ထုများကို ဖျက်ဆီးရန်ဖြစ်စေ၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းမပြုရန် ဖြစ်စေ၊ ယင်းတို့ကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုသော အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေး၊ ကျောင်း သို့မဟုတ် ဆိုင်ကို ယာယီပိတ်စေရန်ဖြစ်စေ သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ ညွှန်ကြားခြင်း၊

(ဈ) အများပြည်သူသုံး ရေတွင်း၊ ရေကန်များ၊ သောက်သုံးရေပေးဝေရေးလုပ်ငန်းများနှင့် အဂတ်လျှော် လုပ်ငန်းများကိုစစ်ဆေး၍ ယင်းတို့မှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့ကြောင်း ထင်ရှားလျှင် ယင်းတို့ကို ယာယီပိတ်စေရန် ညွှန်ကြားခြင်း၊

(ည) ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများကို စစ်ဆေး၍ ယင်းလုပ်ငန်းများမှတစ်ဆင့် ရောဂါဖြစ်ပွားပျံ့နှံ့ကြောင်း ထင်ရှားလျှင် ယင်းလုပ်ငန်းများကို အနည်းဆုံးလိုအပ်မည့် အချိန်ကာလအထိ ယာယီပိတ်စေရန် ညွှန်ကြားခြင်း၊

(ဋ) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သောပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်းနှင့် လိုအပ်သလိုကျန်းမာရေးစစ်ဆေးခြင်း၊ ၎င်းတို့ထံမှ မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာ၊ အန်ဖတ်စသည့် လိုအပ်သော ဓာတ်ခွဲနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်း၊

(ဌ) လူစုလူဝေးနှင့်ကျင်းပသည့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ အစည်းအဝေးများတွင် အစားအသောက်မှတစ်ဆင့် ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့စေနိုင်သည်ဟု သံသယရှိလျှင်

ယင်းအစားအသောက်များကို ကျွေးမွေးခြင်း သို့မဟုတ် ဆက်လက်ကျွေးမွေးခြင်း မပြုရန် တားမြစ်ခြင်း။

၉။ ကျန်းမာရေးအရာရှိသည် ကူးစက်မြန်ရောဂါဖြစ်ပွားမှု သို့မဟုတ် ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ အစားအသောက်၊ ရေနှင့် အခြား လိုအပ်သော မည်သည့်ပစ္စည်းများကိုမဆို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့်အတိုင်း စီမံဆောင်ရွက်ခွင့် ရှိသည်။

၁၀။ ကျန်းမာရေးအရာရှိသည် ကူးစက်မြန်ရောဂါဖြစ်ပွားမှု သို့မဟုတ် ကူးစက်ရောဂါ ကပ်အသွင် ဖြစ်ပွားမှုအခြေအနေနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းကို သက်ဆိုင်ရာဦးစီးဌာနနှင့် ဝန်ကြီးဌာနတို့ ထံ အမြန်ဆုံးတင်ပြအစီရင်ခံရမည်။

၁၁။ ကျန်းမာရေးအရာရှိသည် မိမိဆောင်ရွက်ရမည့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်း တာဝန်များကို သင့်လျော်သော ကျန်းမာရေးဝန်ထမ်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၁၂။ ကျန်းမာရေးအရာရှိက တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင် သာယာရေး ကော်မတီများအပါအဝင် နှီးနွှယ်အဖွဲ့အစည်းများသည် ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ရမည်။

၁၃။ ကျန်းမာရေးအရာရှိက ပုဒ်မ ၈ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နယ်မြေဒေသရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်း များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်း၊ လူထုအခြေပြု ပရဟိတ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများသည် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရမည်။

## အခန်း (၆)

## ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း

၁၄။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံ ပုဂ္ဂိုလ် တစ်ဦးဦးသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါ ထိရောက်စွာ ထိန်းချုပ်နှိမ်နင်းနိုင်ရန် ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်မှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အိမ်တွင်း၊ အိမ်ပြင် သို့မဟုတ် ခြံတွင်း၊ ခြံပြင်သန့်ရှင်းရေး၊

(ခ) ရေတွင်း၊ ရေကန်နှင့် ရေမြောင်းများ သန့်ရှင်းရေး၊

(ဂ) အညစ်အကြေးများကို ကျန်းမာရေးစံသတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်း စွန့်ပစ်ရေး သို့မဟုတ် မီးရှို့ဖျက်ဆီးရေး၊

(ဃ) ယင်လုံအိမ်သာ ဆောက်လုပ်ရေးနှင့် သန့်ရှင်းစွာထားရှိသုံးစွဲရေး၊

(င) ပိုးလောက်လန်း၊ ခြင်၊ ယင်၊ ပိုးမွှားနှင့် ကြွက်နှိမ်နင်းရေး၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေး။

## အခန်း (၇)

## ကူးစက်ရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တိုင်ကြားခြင်းနှင့် ပြုမူဆောင်ရွက်ခြင်း

၁၅။ (က) အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံ ပုဂ္ဂိုလ် တစ်ဦးဦးသည် ကြွက်၊ ငှက် အပါအဝင် တိရစ္ဆာန်များ အစုလိုက်အပြုံလိုက် သေဆုံးကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ဖြစ်စေ၊ အစိုးရ ကျန်းမာရေးဌာနသို့ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ဖြစ်စေ ချက်ချင်းသတင်းပို့ တိုင်ကြားရမည်။

(ခ) အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံ ပုဂ္ဂိုလ် တစ်ဦးဦးသည် အောက်ပါကိစ္စရပ် တစ်ခုခုဖြစ်ပွားကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ဖြစ်စေ၊ အစိုးရကျန်းမာရေးဌာနသို့ဖြစ်စေ၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သို့ဖြစ်စေ ချက်ချင်းသတင်းပို့ တိုင်ကြားရမည်။

(၁) ကြွက်ကျခြင်း၊

(၂) ကူးစက်မြန်ရောဂါဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိခြင်း၊

(၃) သတင်းပို့တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အဖွဲ့အစည်း သုံးရပ်အနက် သတင်းလက်ခံရရှိသည့် အဖွဲ့အစည်း တစ်ရပ်ရပ်သည် သတင်းကို ကျန်အဖွဲ့အစည်း နှစ်ရပ်တို့သို့ ဆက်လက်ပေးပို့ရမည်။

၁၆။ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများသည် သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ တစ်ဦးဦးကို စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဆေးကုသခြင်းပြုရာတွင် ကူးစက်ရောဂါတွေ့ရှိပါက အနီးဆုံးရှိ အစိုးရ ကျန်းမာရေးဌာန တစ်ခုခုသို့ ဆောလျင်စွာ သတင်းပို့တိုင်ကြားရမည်။

၁၇။ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည်

(က) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါ ပိုးသယ်ဆောင်နေသူတစ်ဦးဦးကို အစားအစာချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများတွင် သတ်မှတ်ကာလအတွင်း ပါဝင်လုပ်ကိုင်စေခြင်းမပြုရန်၊

(ခ) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုးသယ်ဆောင်နေသူတစ်ဦးဦးကို ဆေးကုသမှုပေးရန်နှင့် ရောဂါကင်းစင်သည်အထိ ပြန်လည်စစ်ဆေးပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၁၈။ ကူးစက်ရောဂါရှိသူတစ်ဦးဦးသည် မိမိတွင် ကူးစက်ရောဂါရှိမှန်းသိလျက်နှင့် အခြားသူတစ်ဦးဦးကို ရောဂါကူးစက်စေရန်ဖြစ်စေ၊ လူတစ်ဦးမှ အခြားသူတစ်ဦးဦးကို ရောဂါကူးစက်ဖြစ်ပွားစေရန် ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

## အခန်း(၈)

## အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း

၁၉။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သည့်အချိန်ကာလတစ်ခုအထိ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်သည်-

(က) ကူးစက်မြန်ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ရောဂါလက္ခဏာ မရှိသော်လည်း ကူးစက်မြန်ရောဂါပိုး သယ်ဆောင်ထားသူဟု ယူဆရသူ သို့မဟုတ် ကူးစက်မြန် ရောဂါပိုးရှိသူ တစ်ဦးဦးနှင့်ထိတွေ့ခြင်း၊ အနီးကပ်နေထိုင်ခြင်းပြုခဲ့သူတစ်ဦးဦးအား နေအိမ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ဘော်ဒါဆောင်များမှ ထွက်ခွာသွားလာခွင့်၊

(ခ) ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်း ရှိသူများကို သတ်မှတ်နေရာမှအပ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပမှလူများအား ကူးစက်မြန်ရောဂါ ဖြစ်ပွားရာနေအိမ်၊ အဆောက်အအုံ၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊

(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ် တစ်မျိုးမျိုးဖြင့် ပြည်တွင်းမှဖြစ်စေ ပြည်ပမှရောက်ရှိလာသူများအနက်မှဖြစ်စေ ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာအား ကျန်းမာရေးစစ်ဆေးရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ပြုစုကုသရန်နှင့် သီးခြားထားရှိကုသရန်အလို့ငှာ လိုအပ်သော အချိန်ကာလအထိ သတ်မှတ်နေရာမှအပ ဝင်ထွက်သွားလာခွင့်၊

(င) ကူးစက်မြန်ရောဂါဖြစ်ပွားပါက လူစုလူဝေးနှင့်ကျင်းပသည့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ အစည်းအဝေးများကို ကျင်းပပြုလုပ်ခွင့် သို့မဟုတ် ကျင်းပဆဲဖြစ်ပါက ဆက်လက်ကျင်းပပြုလုပ်ခွင့်၊

(စ) ကူးစက်မြန်ရောဂါဖြစ်ပွားသည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန် ထွက် ပစ္စည်းသယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်။

၂၀။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်မြန်ရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်သော နေရာ၊ လူပုဂ္ဂိုလ်၊ ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်၊ အချက်အလက်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူ အထိတ်တလန့်ဖြစ်စေနိုင်မည့် သတင်းရယူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း သို့မဟုတ် သတင်း ထုတ်ပြန်ခြင်း မပြုရန် ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်နိုင်သည်။

၂၁။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ပုဒ်မ ၁၉ နှင့် ၂၀ တို့အရ ဆောင်ရွက်သည့်ကိစ္စများကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း (၉)

## အပြည်ပြည်ဆိုင်ရာဝင်ပေါက်များတွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၂။ (က) အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ် ဝင်ပေါက် များတွင် တာဝန်ကျသော ကျန်းမာရေးအရာရှိ တစ်ဦးဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိ သည်-

(၁) ခရီးသည်တစ်ဦးဦး သို့မဟုတ် ယာဉ်တာဝန်ခံတစ်ဦးဦးထံမှ ကျန်းမာရေးဆိုင်ရာ မှတ်တမ်း၊ အထောက်အထားနှင့်စာရွက်စာတမ်းများ၊ ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပါအဝင် သက်ဆိုင်သည့် အချက်အလက်များအား လိုအပ်သလို တောင်းယူစစ်ဆေး ခြင်း၊ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်မေးခွန်းပုံစံများတွင် ခရီးသည်ကိုယ်တိုင် မိမိ၏ ကျန်းမာရေးအခြေအနေကို ဖြည့်သွင်းဖော်ပြစေခြင်းနှင့် လိုအပ်သော ကျန်းမာရေး ဆိုင်ရာ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခြင်း၊

(၂) ခရီးသည်၏ ကာကွယ်ဆေးထိုးနှံထားရှိမှုမှတ်တမ်း တောင်းယူစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၃) ယာဉ်နှင့် ကုန်ပစ္စည်းများတွင် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် ရောဂါပိုးများ ကင်းစင်မှု အခြေအနေကို စစ်ဆေးခြင်း၊ လိုအပ်သော အထောက်အထားများ တောင်းယူ စစ်ဆေးခြင်းနှင့် လိုအပ်သလို လမ်းညွှန်ခြင်း၊

(၄) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာတွေ့ရှိပါကအဆိုပါလူနာအပါအဝင် လူနာနှင့် ထိတွေ့သူများကို သတ်မှတ်ထားသောနေရာတွင် ထားရှိပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်း သို့မဟုတ် သတ်မှတ်ထားသော ဆေးရုံ၊ ဆေးခန်းများတွင် သီးခြားထားရှိ ကုသခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၅) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုး၌ ကူးစက်ရောဂါ ဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ သို့မဟုတ် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် တိရစ္ဆာန် များပါရှိသည်ဟု သံသယရှိပါက အဆိုပါယာဉ်များအား သတ်မှတ်နေရာတွင်သာ ဆိုက်ကပ်စေခြင်းနှင့် ကုန်တင်၊ ကုန်ချခြင်းများ ပြုလုပ်စေရန် သို့မဟုတ် ဆိုက်ကပ် ခြင်းနှင့် ကုန်တင်၊ ကုန်ချခြင်းများ လုံးဝမပြုလုပ်စေရန် တားမြစ်ခြင်း၊

(၆) နိုင်ငံတကာ ခရီးသွားလာသူများအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်း အပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စီမံဆောင်ရွက်ပေးခြင်း၊

(၇) အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ဝန်ကြီး ဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ကူးစက် ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်းနှင့် လမ်းညွှန် ခြင်း။

(ခ) သက်ဆိုင်ရာကျန်းမာရေးအရာရှိသည် ပုဒ်မခွဲ (က) အရဆောင်ရွက်ရာတွင် မိမိဆောင်ရွက်မည့် လုပ်ငန်းနှင့်ဆက်စပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၂၃ (က) ပါ အကြောင်းကြားချက်ကိုရရှိပါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအတွက်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတာဝန်ရှိသူထံ ဆက်သွယ်အကြောင်းကြားရမည်။

၂၃။ အပြည်ပြည်ဆိုင်ရာဂိပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသော လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုး၏ သက်ဆိုင်ရာ ယာဉ်တာဝန်ခံများသည်-

(က) ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ၊ တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများပါရှိသည်ဟု သံသယရှိလျှင် ယာဉ်မဆိုက်ရောက်မီ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ကြိုတင်အကြောင်းကြားရမည်။

(ခ) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုးမှတစ်ဆင့် အညစ်အကြေးများကိုစွန့်ပစ်ရာတွင် ပတ်ဝန်းကျင်သို့ ကူးစက်ရောဂါပိုးများ ပျံ့နှံ့မှုမရှိစေရေးအတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေးသူသည် အပြည်ပြည်ဆိုင်ရာဂိပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည့် ကုန်ပစ္စည်း၊ ကုန်သေတ္တာနှင့်ယာဉ်များတွင် ကူးစက်ရောဂါပိုးကင်းစင်ရေး စစ်ဆေးရန်နှင့် ပိုးသန့်စင်ရန် တာဝန်ယူဆောင်ရွက်ရမည်။

၂၅။ အပြည်ပြည်ဆိုင်ရာဂိပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်ပေါက်များတွင် ကူးစက်ရောဂါများကို သယ်ဆောင်ကူးစက် ပျံ့နှံ့စေနိုင်သော ခြင်၊ ယင်၊ ပိုးမွှားနှင့် ကြွက်များ

ကင်းစင်ရေးအတွက် တာဝန်ယူထားသောအဖွဲ့အစည်း မှ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် အလုပ်ရှင်က တာဝန်ယူ ဆောင်ရွက်ရမည်။

၂၆။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များ တွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်အဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ရမည်။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၇။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၇ အရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၈။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၇ အရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၆ လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၈ အရ ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၃၀။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကိုဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်း အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၃၁။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရ မည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၃၂။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၁၅ အရ သတင်း ပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ် ချမှတ်ရမည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၃။ ပုဒ်မ ၁၅ (ဂ) အရ သတင်းပို့ရန်တာဝန်ရှိသူ မည်သူမဆို သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်း အထိ ငွေဒဏ် ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၅ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ် အထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သည့်ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းမဆို ပုဒ်မ ၁၆ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်း

မှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်း မှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၆။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။

၃၇။ ကူးစက်ရောဂါရှိသူဖြစ်ကြောင်း ကျန်းမာရေးဌာနတစ်ခုခုကသတ်မှတ်ခြင်းခံရသူ မည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့် အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၂၀ ပါ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ထောင်ဒဏ်ခြောက်လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ ကျန်းမာရေးအရာရှိ၏တာဝန်အရ လုပ်ဆောင်မှုတစ်ခုခုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား

အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်း မှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ် ချမှတ်ရမည်။

၄၁။ မည်သည့်ယာဉ်တာဝန်ခံမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းတစ်ရာ့ငါးဆယ်မှ အများဆုံး ကျပ်သိန်း သုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သည့်ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေးသူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ် အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ် မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၃။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ ကူးစက်ရောဂါနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

၄၅။ ဤဥပဒေတွင်ပါရှိသော လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်နှင့်အညီ ဦးစီးဌာနအား ကူညီဆောင်ရွက်ရမည်။

၄၆။ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါမဟုတ်သော်လည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါ သို့မဟုတ် ဆေးယဉ်ပါးတီဘီရောဂါ၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါအပါအဝင် အခြားကူးစက်ရောဂါဖြစ်ပွားမှုများနှင့်စပ်လျဉ်း၍ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ သို့မဟုတ် ကူးစက်မြန်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်း၊ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း တိုင်ကြားသတင်းပေးပို့ခြင်း၊ အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် သတင်းထုတ်ပြန်ခြင်း လုပ်ငန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၄၇။ ဝန်ကြီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းတို့နှင့်အညီ တာဝန်အရဆောင်ရွက်သူတစ်ဦးဦး၏ ဆောင်ရွက်ချက်များအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်